အထက်တန်းဆင့်

mgyoe.com



ဖြိုးသာရ

# စကားပုံ တစီတကုံးများ

mgyoe.com

mgyoe.com

အထက်တန်းဆင့်

# စကားပုံ

## စာစီစာကုံးများ

PTY0001
1,200.00 KS

mgyoe.com

mgyoe.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

mgyoe.com

mgyoe.com

မြန်မာနိုင်ငံဆိုင်ရာအထိမ်းအမှတ်ရနှင့် ဂုဏ်ပြုစာစီစာကုံးများ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၉၁၇/၂၀၀၂(၁၀) နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၆/၂၀၀၃(၁) တို့ဖြင့်

မျက်နှာဖုံးကို ဿ.ဧ.ဝ ပြုလုပ်၍ ထုတ်ဝေသူ-ဦးတင်ရှိန်၊ စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးထွန်းထွန်းဦး၊ အင်ကြင်းဦးပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က ပထမအကြိမ်အဖြစ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၃ ခု၊ မတ်လတွင် တန်ဖိုး ၁၂၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# စကားပုံစာစီစာကုံးများ

ဖြိုးသာရ

၂၀၀၃ ခုနှစ် မေလ

mgyoe.com

mgyoe.com

# မာတိကာ


၁။ လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ ၈
(မိဘကျေးဇူးမြင်းမိုရ်ဦး)

၂။ ဆရာမပြ နည်းမကျ ၁၄
(မြတ်ဆရာ၊ ဆရာကောင်းတပည့် ပန်းကောင်းပန်)

၃။ အစကောင်းမှ အနှောင်းသေချာ ၂၁

၄။ အချိန်ရှိခိုက် လုံ့လစိုက် ၂၅
(လသာတုန်းဗိုင်းငင်၊ အချိန်၏တန်ဖိုး)

၅။ ရိုးရိုးကျင့် မြင့်မြင့်ကြံ ၃၁

၆။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် ၃၇
(လုံ့လ၏ အကျိုး၊ တစ်နေ့တစ်လံ ပုဂံဘယ်မဝေး၊
တောင်ကြီး ဖဝါးအောက် လှိုင်းကြီး လှေအောက်၊
ဇွဲကိုရင်းလျှင် အောင်ပွဲဆင်)

၇။ စည်းကမ်းဟူသည် လူ၏တန်ဖိုး ၄၃
(အကွပ်မရှိသည့်ကြမ်း ပရမ်းပတာ၊ ကျောင်းသားနှင့်စည်းကမ်း)

၈။ ကျန်းမာခြင်းသည် လာဘ်တစ်ပါး ၄၉

၉။ စိတ်သာရှင်စော ဘုရားဟော ၅၅

၁၀။ အလိမ္မာ စာမှာရှိ ၆၁
(စာဖတ်ခြင်း၏အကျိုး၊ စာအုပ်စာပေ လူ့မိတ်ဆွေ)

၁၁။ အသီးကိုလိုလျှင် အပင်ကိုပျိုး ၆၇
(နေရိပ်အလာ နေပူက စောင့်၊ အနာခံမှ အသာစံရ)

၁၂။ မိမိကိုယ်သာ ကိုးကွယ်ရာ ၇၃
(ဘယ်သူမပြု မိမိမှု၊ ကိုယ်ကောင်း ခေါင်းဘယ်မှမရွေ့)

၁၃။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ၇၉
(ဘုတ်ကို ကျီးရှိသေ၊ ကျီးကို ဘုတ်ရှိသေ၊
သူတစ်ပါးအကျိုးဆောင် ကိုယ့်အကျိုးအောင်)


mgyoe.com

mgyoe.com

၁၄။ နှုတ်ချို သျှိုတစ်ပါး ၈၅
(ဆိုခဲစေမြဲစေ၊ ကြမ်းကျွံနှုတ်၍ရ စကားကျွံနှုတ်မရ၊
နှုတ်ကြောင့်ကြေ လက်ကြောင့်သေ)

၁၅။ ပျက်အစဉ် ပြင်ခဏ ၉၁
(အချိန်မီချုပ် အစုတ်သက်သာ၊
မမှားသောရှေ့နေ မသေသောဆေးသမား)

၁၆။ ပညာရှာ ပမာသူဖုန်းစား ၉၇
(ပညာရွှေအိုး လူမခိုး၊ ပညာရဲရင့် ပွဲလယ်တင့်၊
ပညာလို အိုသည်မရှိ၊ မြတ်ပညာ)

၁၇။ စည်းလုံးခြင်းသည် အင်အား ၁၀၃
(စည်းလုံးညီညာ အောင်ကြောင်းဖြာ၊ ညီညာမှ ပြည်သာမည်)
ညီညွတ်ခြင်းသည် ခွန်အား)

၁၈။ ကြောက်လျှင်လွှဲ၊ ရဲလျှင်မင်းဖြစ် ၁၀၉
(လှေခွက်ချည်းကျန် အလံမလှဲ)

၁၉။ တစ်လုတ်စားဖူး သူ့ကျေးဇူး ၁၁၅
(အရိပ်နေနေ အခက်ချိုးချိုး)

၂၀။ သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ ၁၂၁
(ယနေ့လူငယ် နောင်ဝယ်လူကြီး)

mgyoe.com

mgyoe.com

# စာစီစာကုံးရေးကြစို့

စာစီစာကုံးသည် အတတ်ပညာတစ်ခုဖြစ်သည်။ အတတ်ပညာ၏ သဘောမှာ သင်ယူရသည်။ စာစီစာကုံးကိုလည်း သင်ယူရမည် ဖြစ်သည်။ သင်ယူနည်းမှာ 'ရေးသားခြင်း' သည် အကောင်းဆုံး၊ အထိမိဆုံးနှင့် အလွယ်ဆုံးဖြစ်သည်။ စာခဏခဏရေးလျှင် စာရေးပြေပြစ်လာသည့် သဘောဖြစ်သည်။ ပြေပြစ်မှ တစ်ဖက်သား နားဝင်လွယ်သည်။ ယင်းသို့သော အရေးအသားကို စာစီစာကုံးရေးသားခြင်းဟု ခေါ်သည်။

အရေးအသားသည် စာစီစာကုံး၏ အသက်ဖြစ်သည်။ အသက်သွင်းကောင်းလျှင် စာစီစာကုံးလည်း ကောင်းသည်။ အထားအထိုသည် စာစီစာကုံး၏ အဝတ်တန်ဆာဖြစ်သည်၊ အထားအသိုပေါ်မှီ၍ စာစီစာကုံး၏ အလှကို ဝေဖန်နိုင်သည်။ အလှအပသည် စာစီစာကုံး၏ မဟာလိုအပ်ချက်ဖြစ်သည်၊ အရေးကြီး၏၊ တန်ဖိုးရှိ၏၊ ဂုဏ်တက်၏။ အလေ့အကျင့်သည် စာစီစာကုံး၏ ဗိသုကာဖြစ်သည်။

စကားပုံစာစီစာကုံး ရေးနိုင်ရန် လူကြီးသူမစကားကို ကြပ်ကြပ်နားထောင်ရမည်။ စကားပုံ၏ အဓိပ္ပာယ်ကို ယူ၍ ခေတ်နှင့် လျော်ညီအောင် အဆီအငေါ်တည့်အောင် သုံးနှုန်းတတ်ရမည်။ စာဟန်လေးနက်သိပ်သည်းရမည်။ ဥပမာ၊ သာဓကများကို သိထားရမည်။ ရှေးထုံးရာဇဝင်တိုတိုလေးများကို ကြားဖူးနားဝ ရှိထားရမည်။ အနည်းဆုံး ငါးမျက်နှာမှ ခုနစ်မျက်နှာအထိ ကြိုးစားရေးသားရမည်ဖြစ်သည်။

ဖြိုးသာရ

မှတ်ချက်။ ။ အဓိပ္ပာယ်ဖွင့်ဆိုချက်သာ ကွဲပြား၍ လိုရင်းအချက်တူညီသော စကားပုံများကို ရေးမည်ဆိုပါက နိဒါန်းနှင့်နိဂုံးကို ပြောင်းလဲရေးသားခြင်းဖြင့် လုံလောက်သည်။

mgyoe.com

mgyoe.com

# လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ

နိဒါန်း – မိဘနှစ်ပါးသည် လက်ဦးဆရာဖြစ်ကြောင်း

စာကိုယ် – ဘုရားရှင်၏ ကျေးဇူးဆပ်ခြင်းသာဓကေ

– ကလေးဘဝပုံပြင်များမှ လောကနီတိပညာ

– အကြောက်တရားမှ အသိတရားသို့

– အဇာတသတ်မင်း၏ အဖြစ်ဆိုးဥပမာ

– စုန်ရေ၏သဘောတရား

– သွေးထဲက ဗီဇများ

– မိဘအမျိုးမျိုးရှိသော်လည်း မေတ္တာချင်းတူ

– မိဘနှင့် သားသမီးဝတ်များ

– ပုခက်လွှဲသောမိခင်လက်

– လမ်းပြသော ဖခင်ခြေရာ

– မိဘမျက်နှာ မပျက်စေရ

နိဂုံး – ကြွေးဟောင်းဆပ်၍ ကြွေးသစ်ချရင်း သားသမီးကောင်း ဖြစ်ရန် ကြိုးစားမည်။

mgyoe.com

mgyoe.com

# လက်ဦးဆရာ မည်ထိုက်စွာ ဗုဗ္ဗာစရိယ မိနှင့်ဖ

လောကတွင် 'လူ' ဟူ၍ ဖြစ်လာသည်နှင့် ပထမဦးဆုံး ခိုလှုံရသော ရင်ငွေ့မှာ မိခင်ဖြစ်ပြီး ပထမဦးဆုံး အားကိုးရသော အရိပ်မှာ ဖခင်ဖြစ်ပါသည်။ လူတစ်ယောက် ချမ်းမြေ့သာယာမှုရရှိနိုင်ရန် နွေးထွေးသောရင်ခွင် လိုအပ်သကဲ့သို့ အရိပ်အာဝါသကောင်းရှိရန်လည်း လိုအပ်ပါသည်။ ထိုအရာတို့ကို ပေးစွမ်းနိုင်သူများကား မာတာပိတု တည်းဟူသော မိဘနှစ်ပါးပင် ဖြစ်ပေသည်။ မိဘတို့သည် သားသမီးတို့၏ လက်ဦးဆရာဖြစ်သည်။ ထို့ကြောင့် 'လက်ဦးဆရာ၊ မည်ထိုက်စွာ ဗုဗ္ဗာစရိယ မိနှင့်ဖ' ဟူ၍ ဆိုရိုးစကားရှိခြင်းဖြစ်သည်။

ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ်မှစ၍ လူဖြစ်အောင် မွေးကျွေးသွန်သင်လာခဲ့ရသော မိဘ၏ ကျေးဇူးတရားကား နှိုင်းဆပြစရာ မရှိအောင် ကြီးမားလွန်းလှပေသောကြောင့် 'မိဘကျေးဇူး၊ မြင်းမိုရ်ဦး' ဟူ၍ မြင်းမိုရ်တောင်ကြီးနှင့် ပမာပြုကာ တင်စားကြခြင်းဖြစ်သည်။ ဂေါတမမြတ်စွာဘုရားရှင်သည်ပင် တာဝတိံသာနတ်ပြည်ရှိ မိခင်နတ်သားကို တရားဦး ဟောတော်မူကာ မိခင်နို့ဖိုး အကျေဆပ်တော်မူခဲ့၏။ လူသာမန်တို့အဖို့ကား ဆိုဖွယ်မရှိတော့။ နို့တစ်လုံးဖိုးကိုမျှပင် မကျေနိုင်ပါက လူဖြစ်သည်အထိ ပြုစုကျွေးမွေးစောင့်ရှောက် သွန်သင်ဆုံးမ ညွှန်ပြအားပေးခဲ့သော ကျေးဇူးကို မည်သို့ ကျေအောင် ဆပ်နိုင်ကြပါမည်နည်း။ 'ကျေးဇူးကြီးလှ မိနှင့်ဖ' ပါတကား။

ကလေးဘဝ စကားစတတ်ဖို့၊ အစားစစားဖို့၊ ပညာစသင်ဖို့ဟူသော အားလုံးသော အစများကို မိဘတို့ကသာ စတင်သင်ပြပေးခဲ့ခြင်း ဖြစ်သည်။ ချိုမိုင်မိုင်အက၊ တူတူရေဝါး ကစားနည်းမှသည် ဘာသာရေးဆိုင်ရာ ဝပ်တွားမှုမှအစ မိခင်က သင်ကြားပေးခဲ့သည်။ မိခင်ရင်ခွင်၌ ငုတ်တုတ်

mgyoe.com

mgyoe.com

ထိုင်ရင်း ရွှေယုန်နှင့် ရွှေကျား သက်ငယ်ရိတ်သွား၊ ယုန်နှင့် လိပ်အပြေး ပြိုင်၊ မျောက်နှင့် အညာမိသော မိကျောင်း၊ နာစေးနေသော ယုန်ကလေး နှင့် ခြင်္သေ့မင်း ပုံပြင်တို့ကို နားထောင်ကာ လောကနီတိပညာကို စတင် သင်ကြားခဲ့ကြရသည်။

ဖခင်ချမှတ်သော စည်းကမ်းတို့ကို လူမမည်ဘဝ၌ အကြောက် တရားဖြင့် လိုက်နာခဲ့ကြရာမှ အရွယ်ရောက်လာချိန်တွင် အသိတရားဖြင့် ကျင့်သုံးနိုင်စေသည်။ ဖခင်ကား တားမြစ်ခြင်း၊ ကန့်သတ်ခြင်း၊ ချမှတ် ခြင်း၊ ရွေးချယ်ပေးခြင်းဟူသော တာဝန်များကို ထမ်းဆောင်လျက် သား သမီးတို့၏ ဘဝကို မြေတောင်မြှောက်ပေးသူ ဥယျာဉ်မှူးပေတည်း။ မိခင် သည် ပျိုးပင်ငယ်တို့ ပေါက်ရောက်ရှင်သန်ရာ ဥယျာဉ်ခြံမြေတစ်ခုဖြစ်ပြီး ဖခင်သည် ပေါင်းသင်ရေလောင်း မြေဩဇာကောင်းတို့ ရှာဖွေပြုစုသူ ဖြစ်၏။

မိဘတို့၏မေတ္တာမှာ စုန်ရေ၏သဘောအတိုင်းဖြစ်သည်။ တစ်ဖက် သတ်စီးဆင်းနေသော မိဘမေတ္တာ စုန်ရေတွင် သားသမီးတို့ လိုက်ပါစီး မျောခဲ့ကြရသည်။ စုန်ရေစီးကြောင်းထဲတွင် အပူအပင်ကင်းစွာ ပျော်ပျော် ရွှင်ရွှင် ကူးခတ်ခဲ့ကြရသည်။ တစ်ချိန်တွင် ပြန်လည်ဆန်တက်မည်ဟု တော်တန်ရုံ မတွေးမိခဲ့ကြပါ။ တဖြည်းဖြည်း လူလားမြောက်၍ မိမိကိုယ် တိုင် ရေစုန်အဖြစ် ပြောင်းလဲသွားကြသောအချိန်ကျမှပင် မိဘမေတ္တာကို ပိုမိုနားလည်ခံစားတတ်လာကြပြီး ကိုယ်ချင်းစာနာတတ်လာခဲ့ကြပါသည်။

ဖခင်ကို သတိမိသော အဇာတသတ်မင်း၏အဖြစ်မျိုးကား အလွန် ဆိုးဝါးလှတော့သည်။ မိမိရင်သွေးရလာခါမှ အဖ၏မေတ္တာကို စာနာတတ် လာသော်လည်း အချိန်နှောင်းသွားခဲ့သည့်အဖြစ် ဖြစ်သည်။ ထို့ကြောင့် လည်း ငရဲမှာ ခံစားရလေသည်။ မိဘမေတ္တာကို သိတတ်နားလည်စွာ အမိအဖကို လုပ်ကျွေးပြုစုခဲ့သော သုဝဏ္ဏသာမမူကား မြားဆိပ်သင့်ရာမှ အသက်ချမ်းသာရခဲ့ဖူးသည်။

ထို့ကြောင့် ကိုယ်တိုင် စုန်ရေဘဝသို့ မရောက်မီ စုန်ရေ၏သဘော ကို သိပြီး ဆန်တက်ခွင့်ရှိသလောက် ဆန်တက်ကြရမည်ဖြစ်သည်။ သို့သော် မည်သည့်မိဘမျိုးကမှ ကျေးဇူးစားရကောင်းနိုး မမျှော်ကိုးတတ်ကြပါ။ ကျေးဇူးကို ရည်မျှော်၍ မလှော်ခတ်ခဲ့ကြပါ။ သားသမီးတို့၏ကျေးဇူး သိတတ်မှုကို ရရှိသည့်အခါမှာလည်း မျက်ရည်ဝေ့ဝဲ တုန်တုန်ယင်ယင်၊ ကြည်ကြည်နူးနူး၊ ဝမ်းပန်းတနည်း ခံစားတတ်ကြရှာပါသည်။ ထို့ကြောင့် မိဘကျေးဇူးကို ဆပ်နိုင်သမျှ ဆပ်ကြရန် လိုပါသည်။

mgyoe.com

mgyoe.com

မိဘဟူသည် ဘုရားနှင့် တစ်ဂိုဏ်းတည်းရှိသော ကျေးဇူးရှင်ဖြစ်ပါသည်။ မိခင်က ကိုးလလွယ် ဆယ်လဖွားရသကဲ့သို့ ဖခင်သည်လည်း 'လူ'ဖြစ်လာရခြင်းအတွက် အဓိက ဖန်တီးသူ ဖြစ်ပါသည်။ လူသားတစ်ယောက်၏ အသွေးအသားထဲတွင် ဖခင်၏ ဗီဇများနှင့် ဖွဲ့စည်းထားသော ကလာပ်စည်းများ ရှိပါသည်။ ယင်းကလာပ်စည်းများထဲတွင် ဖခင်၏မေတ္တာဓာတ်များ စီးဝင်ပါရှိနေမည်မှာ မလွဲပါ။ ထိုမေတ္တာဓာတ်သည် သားသမီးတို့၏ ဘဝတစ်လျှောက်လုံးကို နွေးထွေးလုံခြုံစေနိုင်ပါသည်။ မိနှင့်ဖတို့၏ မျိုးစေ့များသည် သားသမီးတို့၏ အသွေးအသားတွင် ယှဉ်တွဲနေပါသည်။ ခွဲခြားဖောက်ထုတ်ပစ်၍ မရနိုင်ပါ။ မိခင်ဟူသည့် ကောင်းကင်ကျယ်ကြီးတွင် ဖခင်သည် လမင်းတစ်ပါးဖြစ်၍ သားသမီးများကမူ တလက်လက်တောက်ပနေသော ကြယ်ပွင့်ကလေးများပင် ဖြစ်ပါသည်။

ကြယ်ပွင့်ကလေးများသည် လင်းလက်တောက်ပနိုင်စေရန် ကျယ်ပြန့်သော ကောင်းကင်ပြင်ကြီးလိုအပ်သကဲ့သို့ လမင်း၏ အရှိန်အဝါသည်လည်း အရေးပါလှပါသည်။ ထို့အတူ လူငယ်လူရွယ်ကလေးတို့ဘဝ ထက်မြက်ထူးချွန်အောင်မြင်လာရေးမှာလည်း မိခင်၏ အားပေးမှု၊ ဖခင်၏ ပံ့ပိုးမှုတို့ အရေးတကြီး လိုအပ်ပါသည်။ ရေမရှိဘဲနှင့် ကြာမပွင့်နိုင်ပါ။ လောကတွင် မိမိကို အကောင်းဆုံးလူသားအဖြစ် မြင်တွေ့လိုသူမှာ မိမိ၏ မိဘနှစ်ပါးပင် ဖြစ်သည်။ မိဘ၏ မေတ္တာ၊ စေတနာကို သားသမီးတိုင်း ခံယူနားလည်တတ်ရန် အရေးကြီးလှသည်။

တချို့သောမိဘတို့ကား ကြွယ်ဝချမ်းသာကြ၏။ တချို့သောမိဘတို့က ဆင်းရဲချို့တဲ့ကြ၏။ တချို့သောမိဘတို့ကား ပညာတတ်ကြီးများ ဖြစ်၏။ တချို့သော မိဘတို့ကား အတန်းပညာမရှိရှာ။ မည်သို့ပင် ဘဝအခြေအနေ ကွဲပြားခြားနားသည်ဖြစ်စေ သားသမီးအပေါ် ထားရှိသော မေတ္တာကား အတူတူပင် ဖြစ်ပါသည်။ အခြေအနေမပေး၍ ပြည့်စုံသော၊ လုံလောက်သော ပံ့ပိုးထောက်ကူမှု မပြုနိုင်ငြား စေတနာကတော့ ရှိကြသည်ချည်း ဖြစ်သည်။ မိဘက မပေးစွမ်းနိုင်သော၊ မတတ်နိုင်သာနိုင်သော တောင်းဆိုမှုမျိုးဖြင့် မိဘကို မဖိစီးကြရန်မှာ သားသမီးတိုင်း၏ တာဝန်သိစိတ်ဖြစ်ပါသည်။

မိဘတို့သည် 'မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ' ဟု ဆိုသည့်အတိုင်း မိမိတို့၏ တာဝန်ကို အတတ်နိုင်ဆုံး ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြသည်ချည်းပင်။ မိမိ၏ ကိုယ်ကျိုးထက် သားသမီး

mgyoe.com

mgyoe.com
အကျိုးကို ဦးစားပေးခဲ့ကြသည်ချည်းပင်။ ဘဝပေးအခြေအနေအရ ချွတ်ချော်ခဲ့သည်ဆိုဦး၊ သားသမီးတို့က နားလည်စွာ စာနာသိတတ်ကြရမည်ဖြစ်သည်။ ထို့ကြောင့် 'ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမံ၊ မွေခံထိုက်စေ၊ လှူမြှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ' ဟူ၍ သားသမီးတို့၏ ဝတ္တရားငါးမျိုးကို ညွှန်းဆိုထားခြင်း ဖြစ်ပါသည်။ မိဘဟူသည် 'သားတို့ရပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက၊ မိဘတို့ဝမ်း ငြိမ်းစတမ်း' ဟူသည့်အတိုင်း တောင်းဆိုးပလုံးဆိုးကိုသာ ပစ်ရိုးရှိပြီး သားဆိုးသမီးဆိုးကိုမူ ပစ်ရိုးမရှိသူများ ဖြစ်ပါသည်။ သို့ဖြစ်ပေရာ မိဘ၏ ချစ်ခြင်းမေတ္တာအပေါ် သားသမီးတို့က အခွင့်အရေးမယူကြရန် လိုပါသည်။

မိဘတို့သည် စကားကို သင်သည်။ အစားကို သင်သည်။ ပညာကို သင်စေသည်။ ယဉ်ကျေးအောင် လမ်းညွှန်သည်။ ကျန်းမာအောင် စောင့်ရှောက်သည်။ 'ပုခက်လွှဲသောမိခင်၏လက်သည် ကမ္ဘာကို စိုးမိုးနိုင်သည်' ဟု ဆိုပါသည်။ မိခင်၏ သွန်သင်ပဲ့ပြင် စောင့်ရှောက်ထောက်ပံ့မှုကြောင့် ကမ္ဘာကျော်ခဲ့ရသည့် ပုဂ္ဂိုလ်များစွာ ရှိပါသည်။ မိခင်၏ ပုံရိပ်သည် သားသမီးတွင် ထင်စမြဲ ဖြစ်သည်။ ဖခင်၏ ခြေရာသည် သားသမီးတို့၏ လမ်းစများပင် ဖြစ်သည်။ မိခင်က အရိပ်ပြခဲ့လျှင် သားသမီးတို့က အကောင်မြင်တတ်ကြရမည်။ ဖခင်က လမ်းပြခဲ့လျှင် သားသမီးတို့က ဖောက်ထွက်သွားတတ်ကြရမည်။ အရာခပ်သိမ်းကိုမူကား နို့သက်ခံနေ၍မဖြစ်၊ လေကြိုစီးနေ၍ မဖြစ်ပါ။ မိဘက မွေးပေးခဲ့သောဘဝကို မိမိကိုယ်တိုင် ဆက်၍ မွေးမြူတတ်ကြဖို့ လိုပါသည်။

မိဘတို့သည် သားသမီးများ မျက်နှာကို ကမ္ဘာတစ်ခုနှယ် မြတ်နိုးတွယ်တာခဲ့ကြသည်။ သားသမီးမျက်နှာကို စာကလေးဆန်စေ့ကောက်သကဲ့သို့ အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုနေတတ်သည်။ သားသမီးမျက်နှာ မညှိုးစေရအောင် အစွမ်းကုန် ဖြည့်ဆည်းကြသည်။ သားသမီးတို့မျက်နှာ မငယ်ရအောင် ရုန်းကန်လှုပ်ရှား ကြိုးစားကြသည်။ ထိုသို့ မိမိတို့၏ မျက်နှာကို ပန်းကလေးတစ်ပွင့်ကဲ့သို့ လှပတင့်တယ်စေရန် မွမ်းမံပြင်ဆင်ခြယ်သပေးခဲ့သော မိဘနှစ်ပါး၏ မျက်နှာများကိုလည်း မိမိတို့က ပြန်၍ကြည့်ကြရမည် ဖြစ်သည်။ သားသမီးမကောင်း မိဘခေါင်းဟု ဆိုစကားရှိသည်ဖြစ်ရာ မိမိတို့ကြောင့် မိဘမျက်နှာမပျက်ရအောင်၊ မညှိုးရအောင်၊ မငယ်ရအောင် သားသမီးတို့က ဆင်ခြင်ကြရမည် ဖြစ်သည်။

ငယ်စဉ်ကာလတွင် လက်ဦးဆရာသခင် ဖြစ်ခဲ့ကြသော မိဘနှစ်ပါး

mgyoe.com

mgyoe.com

၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းအရှက်ရစေရန် မပြုမူဘဲ သားသမီးတို့အတွက် ပီတိဖုံးသော အပျော်မျက်နှာများဖြင့် ဝင့်ကြွားနိုင်စေရန် ကြိုးစားရမည် ဖြစ်သည်။ 'ကြွေးဟောင်းကို ဆပ်၍ ကြွေးသစ်ကို ချတတ်ရမည်' မိဘ နှစ်ပါးကို ကျေးဇူးဆပ်လုပ်ကျွေးရင်းဖြင့် ကြွေးဟောင်းကိုဆပ်။ မိမိ၏ သား သမီးကို ပြုစုစောင့်ရှောက်ကျွေးမွေးခြင်းဖြင့် ကြွေးသစ်ကိုချ။ ဤသည်မှာ လောကကြီး၏ ဓမ္မတာပင် ဖြစ်သည်။ လူသားတစ်ယောက်၏ တာဝန်ပင် ဖြစ်သည်။ သားသမီးကောင်းဖြစ်ရန် ကြိုးစားရမည်။ သားသမီးကောင်း ရရန် ကြိုးစားရမည်။ ဘဝဟူသည် သံသရာစက်ဝိုင်းကြီးပင် ဖြစ်သည်။

❑ ❑ ❑

mgyoe.com

mgyoe.com

# ဆရာမပြ နည်းမကျ

နိဒါန်း – ဆရာမပြလျှင် နည်းမကျကြောင်း

စာကိုယ် – ဗုဒ္ဓ၏ ဘုရားရှင်အဖြစ် ရယူခဲ့ပုံ
– အတွေ့အကြုံသည် ဆရာကောင်း
– လက်ဦးဆရာ မိနှင့်ဖ
– သူ့နည်းနှင့် သူ့ဟန်
– ပွဲကိုင်မဲ့သောလှေ
– ဆရာ့ဝတ်
– တပည့်ဝတ်
– ပီတိစား၍ အားဖြည့်သူ
– စောင်းဆရာကြီး ဥပမာ
– ဆရာနှစ်မျိုး

နိဂုံး – ဆရာ့ထံ ချဉ်းကပ်ရှိသေ ပညာယူသင့်ပါကြောင်း။

mgyoe.com

mgyoe.com

# ဆရာမပြ နည်းမကျ

'အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ တွေ့ရတတ်သည်' ဟူသော ဤလောကကြီးတွင် လူမှန်သမျှ အမှုကိစ္စအဝဝတို့နှင့် မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ကြရပေသည်။ အကောင်းနှင့်တွေ့သော် ပို၍ကောင်းအောင် အားထုတ်ရသည်။ အဆိုးနှင့်တွေ့သော် အကောင်းဖြစ်လာအောင် ပြုပြင်ရသည်။ ဘဝကို ထုဆစ်တည်ဆောက်ရာတွင် တစ်ခါတစ်ရံ လမ်းမှန်သဖြင့် အောင်မြင်၏။ ရံဖန်ရံခါမူ လမ်းချော်သဖြင့် အရှုံးပေးရ၏။ ထိုအဖြစ်ကို ယထာဘူတကျကျ ဆန်းစစ်ပါက ဆန္ဒအတိုင်း မဖြစ်မြောက်ခဲ့သော လွဲချော်မှုတို့သည် 'အရင်းစစ်အမြစ်မြေက' ဆိုသကဲ့သို့ အကြောင်းရင်းရှာသောအခါ ဆရာမပြ နည်းမကျခဲ့သောကြောင့်ဟု ဆိုရမည် ဖြစ်သည်။

ဆိုလိုရင်းမှာ ဆရာပြမှ နည်းကျသည်။ နည်းကျ၍ လမ်းမှန်ပါမှ လိုရာရောက်နိုင်သည်။ ဆရာမပြဘဲ နည်းကျဖို့ လွန်စွာ ခက်ခဲလှပါသည်။ လောကကြီးတွင် မသင်ဘဲ တတ်သော အသိပညာ၊ အတတ်ပညာ၊ နည်းပညာဟူ၍ မရှိပါ။ သင်ကြားပို့ချသော တစ်စုံတစ်ဦး၊ တစ်စုံတစ်ရာသည် ရှိကိုရှိရပေမည်။ ဥပမာ 'ဆရာမကူ၊ သယမ္ဘုဉာဏ်ဖြင့် မိမိအလိုလိုသိတော်မူသော မြတ်စွာဘုရား' ဟု မြတ်စွာဘုရား၏ ဂုဏ်တော်ကို ဖွဲ့ဆိုရာ၌ပင် ဆရာမကူ ဆရာမရှိဟု မှတ်ယူ၍ မရပါ။ စင်စစ် ဗုဒ္ဓဘုရားအဖြစ်၌ သင်ပြပေးသော လူနတ်ဗြဟ္မာ ဆရာမရှိရုံးကား မှန်ပါသည်။ သို့သော် ဗုဒ္ဓမဖြစ်မီ ဘဝဖြစ်စဉ်တို့၌ တွေ့ရကြုံရ ခံစားတွေ့ထိခဲ့ရသော အဖြစ်အပျက်၊ ပါရမီ ဗဟုသုတအဖြာဖြာတို့သည် ဗုဒ္ဓ၏ဆရာများ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ဗုဒ္ဓဘုရားရှင်အဖြစ်ကိုရရန် ကြိုးစားရာ၌ ပထမအဆင့်တွင်

mgyoe.com

mgyဘုရားလောင်းလျာသည် မိဖုရား ယသောဓရာနှင့် နန်းအဆောင်ဆောင်တို့တွင် စည်းစိမ်ခံစားခဲ့ရာမှ မိမိလိုချင် တောင့်တသော 'ဖြစ်၊ အို၊ နာ၊ သေ၊ ပျက်' တရားတို့ကင်းရာ' နိဗ္ဗာန်ကို မရနိုင်သေးကြောင်း သိခဲ့ပါသည်။ ထို့ကြောင့် ဒုတိယအဆင့်တွင် တောထွက်ခဲ့ပြီး အရှည်ဝါသီ တောမှီခိုအောင်းလျက် တရားကို ပြင်းပြင်းထန်ထန် အစွမ်းကုန် အားထုတ်ခဲ့ပါသည်။ သို့သော် ဆန္ဒမပြည့်ဝနိုင်ခဲ့ပါ။ ထိုအခါကျမှ 'စည်းစိမ်တွင် ယစ်မူးနေ၍ နိဗ္ဗာန်ချမ်းသာကို မရနိုင်သကဲ့သို့ အလွန်အကျူး ကျင့်ပြန်ပါကလည်း မအောင်မြင်နိုင်' ဟူသော အမြင်မှန်ကို သိလာရတော့သည်။ ထိုအမြင်မှန်သည် ဗုဒ္ဓ၏ ဆရာဖြစ်တော့သည်။ အမြင်မှန်တည်းဟူသော ဆရာ၏ပြသမှုကြောင့် မတင်းလွန်း၊ မလျော့လွန်းသော အလယ်အလတ်မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ကျင့်သုံးခဲ့ရာမှ မဂ္ဂင်ရွှေဖောင်ကို ပိုင်စိုးနိုင်ခဲ့ပါသည်။ ဤသည်မှာ အတွေ့အကြုံတည်းဟူသော ဆရာပြသ၍ နည်းကျခဲ့ရခြင်း ဥပမာဖြစ်ပါသည်။

ထို့ကြောင့် လောကတွင် အတွေ့အကြုံများပြား၍ ရင့်ကျက်ခိုင်မာလာခဲ့ရသူများစွာရှိခြင်းဖြစ်သည်။ အတွေ့အကြုံသည် ဆရာကောင်းတစ်ဦးပင်ဖြစ်၏။ အမှားသည် အမှန်၏ ဆရာဖြစ်၏။ မှားမည်ကိုစိုးရွံ့နေ၍မဖြစ်ပါ။ အမှားကိုသိမှ အမှန်ပြင်နိုင်မည် ဖြစ်ပါသည်။ မိမိ၏အတွေ့အကြုံသည် မိမိ၏ဆရာဖြစ်သကဲ့သို့ အတွေ့အကြုံရှိသူတစ်ဦးက လမ်းညွှန်သွန်သင်ပြခြင်းအားဖြင့်လည်း တတ်မြောက်အောင်မြင်နိုင်ပါသည်။ မိမိတို့မသိသော အရာတစ်ခု သိရှိအောင် ဆောင်ရွက်ပေးသူမှန်သမျှသည် မိမိ၏ဆရာပင် ဖြစ်ပါသည်။

လူဟူ၍ ဖြစ်လာသည်နှင့် မိဘသည် လက်ဦးဆရာဖြစ်သည်။ မိဘ၏ သွန်သင်ပဲ့ပြင်မှုအောက်၌ လူလားမြောက်ခဲ့သော ကလေးလူငယ်တို့သည် လိမ္မာယဉ်ကျေး၍ ကိုယ်ကျင့်သိက္ခာရှိကြသည်။ အမိအဖ၏ရင်ခွင်၌ မကြီးပြင်းရဘဲ လေလွင့်နေသော ကလေးတို့မူ စာရိတ္တချို့ယွင်းကြသည်။ ထို့ကြောင့် 'မိဆုံးမ၊ ဖဆုံးမ' တို့မူ မိဘတည်းဟူသော လက်ဦးဆရာ၏ ပုံသွင်းမှန်ကန်မှုကြောင့် လောကအလယ်၌ တင့်တယ်ကြရပေသည်။

ထိုမှ 'စာ' သင်ကြရသည်။ 'စာ' ဟူသည်မှာ ပညာ၏ အစပင်ဖြစ်သည်။ ကလေးတို့သည် 'ဆရာ၊ ဆရာမ' ဟူသော ရိုသေကြောက်ရွံ့ရမည့် လူတန်းစားတစ်မျိုးကို စတင်ထိတွေ့လာရသည်။ ထိုထိတွေ့မှုသည်မဆုံးနိုင်။ တစ်နှစ်ပြီးတစ်နှစ်၊ တစ်တန်းပြီးတစ်တန်း၊ အသက်

mgyoe.com

mgyoe.com ရှင်သန်နေသရွေ့ မဆုံးနိုင်သော သင်ယူခြင်းများဖြင့် ထာဝရကျောင်းသားများဖြစ်ရပေတော့သည်။ ထို့ကြောင့် ဆရာသည် လူသားတစ်ဦးအတွက် အရေးကြီးလှသူ ဖြစ်သည်။

တူရိယာတွင် စည်းရှိပါမှ အဖြတ်အတောက်ညီမျှနိုင်သည်။ ဝင်းခြံတို့တွင် ဆူးစည်းအရံအတားရှိမှ လုံခြုံသည်။ မြစ်တွင် ကမ်းရှိသဖြင့် အနားသတ်နိုင်သည်။ စောင်တွင် ကလနားရှိမှ မစုတ်မဖွာရှိသည်။ အရာရာတိုင်းတွင် သူ့နည်းသူ့ဟန်ဟူ၍ရှိသည်။ နည်းကျဖို့ လိုသည်။ နည်းပြရန် ဆရာရှိရမည်။ ဆရာပြ၍ နည်းကျပါမှ အောင်မြင်နိုင်မည် ဖြစ်သည်။

လှေတစ်စင်းသည် မြစ်ပြင်ကျယ်တွင် လူစေ့၊ တက်စေ့ လော်ခတ်လျက်ရှိသည် ဆိုပါစို့။ ကဦး၊ ကလယ်၊ ကညောင်း သုံးခုစလုံး၌ လူအင်အားမှာ ပြောစရာ မလို ဆိုပါစို့။ သို့သော် ထိုလှေ၌ ပဲ့ကိုင်သူမရှိပါက မည်သို့မျှ လော်ခတ်နေပါစေ လိုရာအရပ်သို့ မရောက်နိုင်ပါ။ လှေတွင် ပဲ့သာလျှင် အရေးပါ အရာရောက် အခရာဖြစ်သည်။ ပဲ့မပါသော လှေသည် လူအင်အား မည်မျှကောင်းသော်လည်း ဦးတည်ရာသို့ မရောက်နိုင်ပါ။ ထို့အတူ လူတွင်လည်း နည်းမှန်စနစ်မှန် ပဲ့ကိုင်သူရှိပါမှ ကြိုးစားမှုများ အရာရောက်နိုင်မည် ဖြစ်ပါသည်။ နည်းလမ်းမကျပါက မည်မျှအားထုတ်ပါစေ ရည်မှန်းချက်သို့မရောက်ဘဲ ပဲ့မရှိသော လှေပမာ မျောချင်ရာမျော၍ ဖြစ်ချင်ရာဖြစ်မည်မှာ မလွဲပါ။ ထိုသို့ ဦးစီးပဲ့ကိုင်ဖြစ်သော နည်းမှန်ကို ဆရာပြမှသာ ရနိုင်ပါသည်။

ဆရာဟူသည် ဘုရားနှင့် တစ်ဂိုဏ်းတည်းဖြစ်သော အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဖြစ်သည်။ 'အတတ်လည်းတင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ' ဆိုသည့်အတိုင်း ဆရာဟူသည် အတတ်ကို သင်ရုံမျှမက တပည့်များ လိမ္မာယဉ်ကျေး အသိဉာဏ်တိုးပွားအောင် စိတ်ဓာတ်ခိုင်မာ စိတ်ထားမွန်မြတ်အောင်၊ ထက်မြက်ထူးချွန်ထွန်းပေါက်အောင် သွန်သင်ဆုံးမရပါသည်။ ဆရာစစ်သည် ဆရာစားမချန်ရပါ။ ဆရာမြတ်သည် တပည့်တို့ကို ကာကွယ်စောင့်ရှောက်သူ ဖြစ်ရပါသည်။ ဆရာကောင်းသည် တပည့်တို့အတွက် မီးတိုင်ကိုင်၍ လမ်းပြသူဖြစ်ရပါသည်။ ဆရာကောင်း တပည့်ကား ပန်းကောင်းပန်နိုင်သူပေတည်း။

ထို့အတူ ဆရာ၏ သင်ပြလမ်းညွှန်မှုကို လေးစားရိုသေစွာ နာယူတတ်သော တပည့်များဖြစ်ရန် ကြိုးစားကြဖို့ လိုပါသည်။ 'တပည့်

mgyoe.com

mgy မကောင်း ဆရာခေါင်း' ဟု ဆိုရိုးရှိပါသည်။ ထို့ကြောင့် 'ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ' ဟူ၍ တပည့်တို့၏ ဝတ္တရားများကို ပြဆိုထားပါသည်။ တပည့်တစ်ဦး၏ အရည်အသွေးသည် ဆရာ၏ ဂုဏ်သိက္ခာကို ဖြစ်စေသကဲ့သို့ ဆရာတစ်ဦး၏ အရည်အချင်းသည်လည်း တပည့်တစ်ဦး၏ အောင်မြင်မှုကို ဖြစ်စေပါသည်။ ဆရာနှင့် တပည့်သည် ရေနှင့်ကြာကဲ့သို့ ဖြစ်၏။ ကြာပန်းတို့ ငွားငွားစွင့်စွင့် ပွင့်လန်းနိုင်စေရန် ရေက သြဇာဓာတ် တိုက်ကျွေးရသည်။ ရေမြင့်လျှင် ကြာတင့်မည်သာတည်း။ 'ရေသည် ဆရာ၊ ကြာသည် တပည့်' ဟု ဆိုရပါလိမ့်မည်။

ဆရာကို စားသွေးကျောက်နှင့် နှိုင်းကြသည်။ စားသွားထက်မြက်လာလေလေ စားသွေးကျောက် ချိုင့်ခွက်ဝင်လေလေသဘော ဖြစ်သည်။ ဆရာကား ဖယောင်းတိုင်ပေတည်း။ အလင်းပြရင်းဖြင့် တဖြည်းဖြည်း အရည်ပျော်ကြွေကျခဲ့ရသူသာ ဖြစ်သည်။ သို့သော် ဆရာသည် တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိစား၍ အားဖြည့်သူဖြစ်သည်။ တပည့်တို့၏ အောင်မြင်မှုမှာ ဆရာ့အတွက် ဂုဏ်သိက္ခာဖြစ်သည်။

တချို့သော လူငယ်တို့သည် ဆရာ၏အတွေ့အကြုံ၊ အသိအမြင် အရ သွန်သင်မှုကို မထိမဲ့မြင် ပြုတတ်ကြသည်။ ဆန့်ကျင်၍ လူတတ်ကြီးလုပ်တတ်ကြသည်။ ဆရာမလို၊ ဆရာမတင်လိုသူများစွာ ရှိ၏။ သူတို့ မည်သို့မျှ မအောင်မြင်နိုင်ပါ။ ရှေးအခါက စောင်းအတတ်သင် တပည့်နှစ်ဦးအကြောင်း ဥပမာပြပါမည်။ တစ်ဦးက ဆရာမရှိဘဲ မိမိဘာသာ လေ့ကျင့်ထားသဖြင့် စောင်းအတတ်၌ အနည်းငယ် တီးနိုင် ခေါက်နိုင်သည်။ တစ်ဦးမှု လုံးဝအခြေခံမရှိပါ။ စောင်းဆရာကြီးသည် တီးနိုင်ခေါက်နိုင်ရှိသူထံမှ ညဏ်ပူဇော်ခ တစ်ဆပို၍ တောင်းလေသည်။ အကြောင်းမူ တီးနိုင်ခေါက်နိုင်သူမှာ အရမ်းကာရော လေ့ကျင့်ထားသူဖြစ်သည်။ ဆရာမပြသဖြင့် နည်းကျမည်မဟုတ်။ နည်းမကျသည်ကို နည်းကျအောင် အမှန်ပြင်ရမည်က တစ်မျိုး၊ နည်းမှန်လာပါမှ အတတ်သင်ရမည်က တစ်ဖုံဖြစ်သဖြင့် ပို၍ပင်ပန်းသည်။ ဘာမှမတတ်သေးသူအဖို့ အတတ်တစ်မျိုးကိုသာ သင်ရမည်မို့ ပို၍လွယ်ကူသည်ဟု ဆိုလေသည်။ ဤကား ဆရာမပြ နည်းမကျခြင်း၏ သရုပ်မှန်ပေတည်း။

ဆရာဟူသည် အမည်ပညတ်အားဖြင့် 'နိုင်းဆချင့်ချိန် ဆုံးဖြတ်တတ်သောပညာရှိ' ဟူသော အဓိပ္ပာယ်ရပါသည်။ မြန်မာအဘိဓာန်တွင် ဆရာဟူသော ဝေါဟာရကို ပညာသင်ကြားပို့ချပေးသူ၊ သွန်သင်ဆုံးမနည်း

mgyoe.com

mgyoe.com

လမ်းပြသူ၊ အတတ်ပညာတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူပုဂ္ဂိုလ်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ဆရာဟု ဆိုရာတွင် အဓိကအားဖြင့် အတတ်ပညာသင်ကြားပေးသူ 'အာစရိယဆရာ' နှင့် လိမ္မာအောင် ပဲ့ပြင်သွန်သင်ဆုံးမပေးသူ 'ဥပဇ္ဈာယ်ဆရာ' ဟူ၍ နှစ်မျိုးရှိပါသည်။ ယနေ့ ကျောင်းတော်ကြီးများတွင်ရှိနေသော ဆရာ၊ ဆရာမတို့မှာ ထိုဆရာနှစ်မျိုးစလုံးတွင် အကျုံးဝင်လျက် ရှိပါသည်။

မြန်မာလူ့အဖွဲ့အစည်းတွင် ဆရာသည် အလွန်အရေးပါသူ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာ့ယဉ်ကျေးမှု ဓလေ့အရ ကျောင်းသား ကျောင်းသူ တပည့်များ၏ ဘဝတစ်လျှောက်လုံးအတွက် ဆရာ၊ ဆရာမများအပေါ် လုံးဝဥဿုံ ပုံအပ်ထားရခြင်းကြောင့် ဖြစ်သည်။ ဆရာ့အတွေး၊ ဆရာ့အရေး၊ ဆရာ့နည်း၊ ဆရာ့ဟန်တို့သည် တပည့်များအပေါ် ဖုံးလွှမ်းနေတတ်စမြဲဖြစ်သည်။ ဆရာသည် တပည့်အပေါင်းတို့၏ ရှေ့ဆောင်စံပြပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့် ဆရာ့ထံ ချဉ်းကပ်နာယူ၊ ဆရာ၏ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းသည် တပည့်တို့၏တာဝန်ဖြစ်သည်။ 'ပညာရှာမှီး၊ မကြီးသက်ရွယ်၊ အငယ်သော်က၊ ကြိုးလုံ့လလျက်၊ တုပ်ကွပုဆစ်၊ ဆရာစစ်၌၊ ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်၊ စာပေတတ်ကြောင်း၊ တချောင်းချောင်းလျှင်၊ ခြိမ်းမောင်းသည်းခံ၊ ဆရာ့ထံ၌၊ သင်အံကျက်လေ့၊ တစ်နေ့တစ်ပါး၊ မှတ်သားလေလေ၊ ဝမ်းထဲခွေ၍၊ အထွေအထူး၊ ဂုဏ်ကျေးဇူးကို၊ ဆည်းပူးသန့်ရှင်း၊ ကြွယ်စေမင်း' (လောကသာရပျို့)၊ 'ခြေသုတ်ပုဆိုး၊ မြေခွယ်ကျိုးသို့၊ ချိုကျိုးနွားလား၊ ဒွန်းစဏ္ဍားသို့၊ ဝပ်တွားခယ၊ ဦးနှိမ်ချလျက်၊ ဘဝတန်ဆောင်၊ ပညာရောင်ကို ရအောင်သင်ယူကြရာသတည်း' မြတ်ဆရာတို့အား ဆည်းကပ်ကြပါစို့။

□ □ □

mgyoe.com

mgyoe.com

# အစကောင်းမှ အနှောင်းသေချာ

နိဒါန်း – လိုက်နာကျင့်သုံးအပ်သော နည်းဥပဒေဖြစ်ကြောင်း

စာကိုယ် – လူသားတစ်ယောက် ဘဝတည်ဆောက်မှု
– ဗုဒ္ဓ၏ အခြေခံကျင့်စဉ်
– ပညာရပ်အမျိုးမျိုး၏ အစ
– ကျောင်းပညာ
– အနုပညာ
– လက်မှုပညာ
– ဆေးပညာ
– စစ်ပညာ
– စားနပ်ရိက္ခာနှင့် လယ်သမား
– မွေးမြူနည်း
– အဆောက်အအုံ
– အခြေခံဥပဒေ

နိဂုံး – ကြီးပွားတိုးတက်လိုသူများအတွက် သတိပြုလိုက်နာကျင့်သုံးအပ်သော နည်းလမ်း။

mgyoe.com

mgyoe.com

# အစကောင်းမှ အနှောင်းသေချာ

ပြီးမြောက်အောင်မြင်ခြင်း၏ အခြေခံအချက်မှာ ခိုင်မာအောင် အစပျိုးခြင်းဖြစ်သည်။ ထို့ကြောင့် တိုးတက်ကြီးပွားလိုသူများအတွက် 'အစကောင်းမှ အနှောင်းသေချာ' ဟူသောစကားပုံသည် လိုက်နာကျင့်သုံးအပ်သော နည်းဥပဒေတစ်ရပ် ဖြစ်သည်။ အဓိပ္ပာယ်မှာ အရာရာတိုင်းတွင် အစကတည်းက ကောင်းမွန်ခိုင်မာပါမှ အဆုံးတွင် တည်တံ့ သေချာသော ပန်းတိုင်ကို ရောက်ရှိနိုင်မည်ဟု ဆိုလိုခြင်းဖြစ်သည်။

လူသားတစ်ယောက် ဘဝတစ်ခုကို တည်ဆောက်ရာတွင် အဓိက အရေးအကြီးဆုံး လိုအပ်ချက်မှာ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ဖြစ်သည်။ မိဘတို့သည် မိမိတို့၏ ရင်နှစ်သည်းချာများကို ငယ်ရွယ်စဉ်ကာလမှစ၍ စည်းကမ်းကျကျ နည်းလမ်းပြခဲ့မှသာလျှင် စိတ်ထားမွန်မြတ် စိတ်ဓာတ်ဖြူစင်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး စည်းကမ်းလိုက်နာတတ်သော သားသမီးကောင်းများအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ကြမည် ဖြစ်သည်။ အခြေခံကျသော နည်းလမ်းကောင်းများဖြင့် လမ်းညွှန်သွန်သင်ရမည့် တာဝန်မှာ အရွယ်ရောက်လာသော ရင်သွေးများ၏ မိဘတိုင်းတွင် ရှိနေပေသည်။

ထို့အတူ ဗုဒ္ဓ၏ အခြေခံကျင့်စဉ်ဖြစ်သော ဒါန၊ သီလ၊ ဘာဝနာစသည့် ကုသိုလ်ကောင်းမှုများကို ငယ်စဉ်ကပင် တတ်သိနားလည် လေ့ကျင့်လိုက်နာတတ်အောင် စွမ်းဆောင်ပေးကြရပေမည်။ သို့မှသာ လောဘ၊ ဒေါသ၊ မာန်မာန ကင်းစင်သော လူတော်လူကောင်း လူလိမ္မာကလေးများဖြစ်လာနိုင်မည် ဖြစ်သည်။

ထိုသို့ စိတ်ဓာတ်၊ စည်းကမ်း၊ အခြေခံကောင်းမွန်ရုံမျှဖြင့် မပြီးသေး။ ဘဝတည်ဆောက်ရေးအပိုင်း ကဏ္ဍတွင် အရေးအကြီးဆုံးဖြစ်သော

mgyoe.com

mgyoe.com

ပညာကိုလည်း တတ်မြောက်ရန် လိုသေးသည်။ ဉာဏ်ပညာ၊ လက်မှုပညာ၊ စက်မှုပညာ၊ အနုပညာ၊ စစ်ပညာ စသည့် ပညာရပ်ပေါင်းများစွာအနက် တစ်စုံတစ်ခုသောပညာဖြင့် မိမိတို့၏ဘဝကို ခိုင်မာအောင် ထူဆစ်ဖန်တီးရမည်။ သို့ဖြစ်ရာ ထိုပညာရပ်တစ်ခုအပေါ်တွင် အခြေခံကျကျ၊ သင်ကြားကြရန် မဖြစ်မနေလိုအပ်သည်။ 'အစ' ဟူသည် 'အခြေခံ'ပင်တည်း။

ကျောင်းသားဘဝတွင် စာသင်ကြရသည်။ အခြေခံပညာကျောင်းများတွင် သူငယ်တန်းမှစ၍ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း- အဆင့်အထိ အဆင့်ဆင့် သင်ယူကြရသည်။ ဤတွင် သင်ခန်းစာများကို သေချာစွာ လေ့လာခြင်း၊ ကျက်မှတ်ခြင်း၊ တွက်ချက်ခြင်း စသည့် ကြိုးစားအားထုတ်မှုများကို အတန်းငယ်စဉ်မှစ၍ မွေးမြူလေ့ကျင့်ထားခဲ့မှသာ အတန်းတင်စာမေးပွဲကြီးများစွာကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်သည်။ ပညာရေးတွင် အခြေခံကောင်းပါမှ ဘဝလမ်းတစ်လျှောက် ဖြောင့်မတ်တက်လှမ်းနိုင်မည်ဖြစ်သည်။

အစဟူသည် ဆန္ဒဖြစ်သည်။ ဆန္ဒဖြင့်စပါမှ အောင်မြင်မှုဖြင့် အဆုံးသတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပညာကို လိုလိုလားလား သင်ယူချင်စိတ်ရှိရန် လိုပါသည်။ မိမိ သင်ယူသော ပညာသည် မိမိစိတ်ပါဝင်စားသော ပညာရပ်ဖြစ်ရန်လည်း လိုပါသည်။ စိတ်မပါ ဆန္ဒမရှိဘဲ သင်ယူပါက တတ်မြောက်အောင်မြင်ရန် ခဲယဉ်းပါသည်။ အထူးသဖြင့် တက္ကသိုလ်ပညာကို ရွေးချယ်သင်ယူရမည့် လူငယ်ကျောင်းသားကျောင်းသူများအတွက် ပို၍အရေးကြီးသည်။ မိမိလျှောက်မည့်လမ်းကို မိမိကိုယ်တိုင် ရွေးချယ်သင့်သည်။ သို့မှသာ အောင်မြင်ထူးချွန်သော ပညာရှင်တစ်ဦး ဖြစ်နိုင်ပါမည်။

ပညာသင်ယူရခြင်း၏ အခြေခံသဘောတရားကို ကျောင်းသူကျောင်းသားတိုင်း သိနားလည်ရန် လိုပါသည်။ အသိတရား အသိပညာ ရရှိရန်၊ ကျွမ်းကျင်သော အတတ်ပညာရရှိရန်၊ မိမိကိုယ်ကို အစွမ်းကုန်မြှင့်တင်ရန်နှင့် လောကကမ္ဘာတွင် ရပ်တည်ရှင်သန်နေထိုင်နိုင်ရန်ဟူသော အခြေခံအချက်များကို အာရုံသွင်း၍ ကြိုးစားမှသာလျှင် အဆင့်မီသော ပညာကို ပိုင်ဆိုင်လာနိုင်မည်ဖြစ်သည်။ ဤသည်ကို သဘောပေါက်ပါမှ ရည်မှန်းချက် ခိုင်မာနိုင်ပေမည်။

'ပညာ' ဟု ဆိုရာတွင် အတန်းပညာကိုချည်း ဆိုလိုသည် မဟုတ်ပါ။ လောကတွင် ရပ်တည်ရှင်သန်နေထိုင်နိုင်ရန် ပညာရပ်တစ်မျိုးမျိုး

mgyoe.com

mgyoe.com

ကို တတ်မြောက်ထားဖို့ လိုအပ်ပါသည်။ ဥပမာ လက်မှုပညာဖြင့် ဘဝကို တည်ဆောက်လိုသူများသည် မိမိအသက်မွေးဝမ်းကျောင်းပြုရမည့် ပညာရပ်ကို နက်နဲစွာ သဘောပေါက်ရမည်။ အသေးစိတ် အခြေခံကျကျ လေ့လာလိုက်စားမှုမှ ကျွမ်းကျင်နိုင်နင်းမှု ရှိလာသည်အထိ လေ့ကျင့်ရမည်။ သို့မှသာ ထူးချွန်ထက်မြက်ခိုင်မာသော ပညာသည်အဆင့်ဖြင့် တင့်တယ်သောဘဝကို ပိုင်ဆိုင်လာနိုင်မည် ဖြစ်သည်။

ကြိမ်ရက်သူသည် ကြိမ်၏ သဘောတရားကို နားလည်ရမည်။ ပရိဘောဂပြုလုပ်သူသည် သစ်အမျိုးအစားကို နားလည်ရမည်။ ပန်းပုထုသူသည် စူးဆောက်ကို ကျင်လည်စွာ ကိုင်ဆောင်ဟတ်ရမည်။ ရက်ကန်းရက်သူသည် ချည်ခင်၏ သဘာဝကို ကျွမ်းကျင်စွာ အသုံးချတတ်ရမည်ဖြစ်သည်။ စက်မှုပညာရှင်ဆိုလျှင်လည်း မိမိအသုံးပြုသော စက်ကို ကောင်းစွာသဘောပေါက်ရမည်။ ပြုပြင်တတ်ရမည်၊ ပြင်ဆင်တတ်ရမည်။

အနုပညာရှင်များ၏ ဘဝသည်လည်း ထိုနည်းအတူဖြစ်သည်။ အဆို၊ အက၊ အရေး၊ အတီးနှင့် သရုပ်ဆောင်ပညာတို့ကို အခြေခံအနိမ့်ဆုံးမှစ၍ အဆင့်မြင့်သည်အထိ ကျွမ်းကျင်လိမ္မာပါးနပ်စွာ သင်ကြားတတ်မြောက်ထားရမည်။ သို့မှသာ ပြည်သူကို အကျိုးပြုသော၊ မြန်မာ့ယဉ်ကျေးမှုကို ကိုယ်စားပြုသော အနုပညာသည်စစ်စစ်များအဖြစ် မားမားမတ်မတ် ခံ့ခံ့ထည်ထည် ရပ်တည်နိုင်ကြမည်ဖြစ်သည်။

လူ့အသက်ကို ကယ်တင်ရမည့် ဆရာဝန်ဆေးပညာရှင်တစ်ဦးဖြစ်မြောက်လာရန်အတွက်မှာလည်း သက်ဆိုင်ရာ ဆေးတက္ကသိုလ်တွင် လူတို့၏ မူလအစ၊ ခန္ဓာဗေဒ ရောဂါတို့၏ ဇာစ်မြစ်အစ၊ ဆေးဝါးဖော်စပ်မှုနှင့် အာနိသင်များ စသည့် အသိပညာ၊ အတတ်ပညာများကို ဦးစွာသင်ကြားရမည် ဖြစ်သည်။

တိုင်းပြည်ရန်စွယ်များကို ချေမှုန်းတိုက်ခိုက်ပေးရသော စစ်သည်တော်များ၏ဘဝတွင်ကား ဤအချက်မှာ အသက်တမျှ အရေးကြီးလှသည်။ စစ်ချီစစ်တက်၊ စစ်ထိုးခြင်း စသည့် နည်းဗျူဟာပေါင်း များစွာကို စစ်ကျောင်းများက အခြေခံကျကျ သင်ကြားမပေးခဲ့ပါလျှင် စစ်သားတစ်ဦး၏ဘဝ မည်သို့မျှ အသက်မရှည်နိုင်ပါ။ ထို့ကြောင့် အစမကောင်းသောဘဝ အနှောင်းမသေချာနိုင်ပါ။

နိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံရေးတာဝန်ကို ထမ်းဆောင်ကြသော လယ်သမားကြီးများသည် ကောက်ပဲသီးနှံ၏ အစကို အထူးအလေးထား

mgyoe.com

mgyoe.com

ဆောင်ရွက်ကြရသည်။ မျိုးစေ့သည် အရေးအကြီးဆုံး ဖြစ်၏။ မျိုးစေ့ကောင်းမွန်ပါမှ အပင်သန်မာပေမည်။ လယ်ယာတို့ကို ထွန်ယက်၊ ခုတ်ထွင်၊ ရှင်းလင်း၊ မြေနုတ်၊ စိုက်ပျိုး၊ ပေါင်းသင်၊ ရေလောင်း၊ မြေသြဇာကျွေးခြင်းတည်းဟူသော မူလပထမ ဇာစ်မြစ်တာဝန်တို့ကို ဂရုတစိုက်အရေးတယူ ပြုမူခဲ့ကြမှသာလျှင် ရှင်သန်ကြီးထွားလာမည့် သီးနှံသစ်ပင်တို့ စိမ်းစိုဝေဆာလှပ ဖွံ့ဖြိုးလာမည် ဖြစ်သည်။

စိုက်ပျိုးခြင်းနှင့် ယှဉ်တူ မွေးမြူခြင်းလုပ်ငန်းတွင်လည်း ကြက်၊ ဘဲ၊ ဝက်၊ နွား၊ ဆိတ် စသည့် သတ္တဝါတို့ကို သားပေါက်ဘဝမှ စ၍ အထူးဂရုပြုသင့်ပါသည်။ ထွားကျိုင်းသန်မာသော တိရစ္ဆာန်များဖြစ်ရေးသည် ငယ်စဉ်မှစ၍ အရိပ်ကြည့်ကာ စောင့်ရှောက်ပေးနိုင်မှုအပေါ်တွင် မူတည်လျက်ရှိသည်။

အဆောက်အအုံတစ်ခု တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်ကို ခိုင်ခံ့စွာ ချထားရန်လိုသည်။ အဆောက်အအုံ၏ အမြင့်၊ အရွယ်၊ အမျိုးအစားအလိုက် ပန္နက်ရိုက်၊ အုတ်မြစ်ချရသည်။ အခြေခံပစ္စည်းများဖြစ်သော အုတ်၊ ထုံး၊ သဲကျောက်၊ ဘိလပ်မြေ စသည်တို့ကို မခိုမကတ် ထည့်သွင်းအသုံးပြုကြရမည်။ သို့မှသာ ရေရှည်တည်မြဲ တင့်တယ်သော အဆောက်အအုံများကို ပိုင်ဆိုင်နိုင်ကြမည် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် အခြေခံကျလှသော အခြေခံမူများ ချမှတ်ရန် အရေးကြီးလှသည်။ နိုင်ငံ၏ အသက်သည် အခြေခံဥပဒေဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေး ဦးတည်ချက်တွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးဟူသည့် အချက်ကို ထည့်သွင်းချမှတ်ထားခြင်းဖြစ်သည်။

ထို့ကြောင့် ကြီးပွားတိုးတက်လိုသူမှန်လျှင် ရှေ့လုပ်ငန်းစဉ်အတွက် ခိုင်မာသော အခြေခံထားရှိရေးအား မီးမောင်းထိုးပြသည့် 'အစကောင်းမှ အနှောင်းသေချာ' စကားပုံသည် အလွန်သတိပြု လိုက်နာကျင့်သုံးအပ်သော နည်းလမ်းကောင်းတစ်ခုဖြစ်ကြောင်း ထောက်ခံလိုက်မိပါတော့သည်။

❑ ❑ ❑

mgyoe.com

mgyoe.com

# အချိန်ရှိခိုက် လုံ့လစိုက်

နိဒါန်း — အချိန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြင့် လုံ့လနှင့်ဆက်စပ်ပုံ

စာကိုယ် – စကားပုံများ
– လူ့ဘဝ၏ ပထမအရွယ်နှင့် ပညာ
– ဒုတိယအရွယ်နှင့် ရင်းနှီးမြှုပ်နှံမှု
– တတိယအရွယ်နှင့် ကျင့်ကြံမှု
– စာတိုင်ညို၊ မဟာဇနက၊ ဦးကျည်ပွေ့
– ကုဋေရှစ်ဆယ်သူဌေးသား၊ ယုန်နှင့် လိပ်
– ပုရွက်ဆိတ်နှင့် နံကောင်
– ပျင်းရိခြင်း ၆ ပါး
– အားလပ်ချိန်ကို အသုံးချပုံ
– အချိန်ဖြုန်းခြင်း
– အချိန်မတိုင်မီ
– လယ်တီဆရာတော်ဘုရားနှင့် ရှိတ်စပီးယား
– အချိန်အခါလိုက်ခြင်း
– ပေတစ်သီး ကျိုးတစ်သား အခွင့်အခါတစ်ကြိမ် ကြုံစဉ် တန်ဖိုးရှိရှိ အသုံးချ

နိဂုံး — အချိန်လည်ဆွဲရတနာကို မြတ်နိုးသင့်ကြောင်း။

mgyoe.com

mgyoe.com

# အချိန်ရှိခိုက် လုံ့လစိုက်

အချိန်ဆိုသည်မှာ အဆက်မပြတ် ရွေ့လျားနေသော ကာလယန္တရား ကြီးတစ်ခုဖြစ်သည်။ အချိန်ကို ရပ်တန့်တားဆီးခြင်းငှာ မစွမ်းသာပါ။ နာရီမှန်ကွက်ပေါ်ရှိ လက်တံများကို မရွေ့လျားနိုင်ရန် ပြုလုပ်နိုင်သော် လည်း သဘာဝလောကနာရီ၏ မမြင်ရသော အချိန်လက်တံများကိုမူ မည်သည့်အင်အားနှင့်မျှ ရွေ့လျားမှု ရပ်တန့်မသွားစေနိုင်ပါ။ လူသား တစ်ဦး၏ အသက်ရှင်သန်မှုသည်လည်း နာရီလက်တံကဲ့သို့ တားဆီး မရနိုင်ဘဲဖြင့် အချိန်နည်းတူ ရွေ့လျားသွားနေမည်သာ ဖြစ်ပေသည်။ သို့ ဖြစ်ရာ မိမိဘဝရှင်သန်နေစဉ်ကာလတွင် အဓိပ္ပာယ်ရှိသော လူသားတစ်ဦး ဖြစ်စေရန် ကြိုးစားရပေမည်။ ထိုအချိန်သည်ကား တားဆီးထိန်းချုပ် မထားနိုင်သော ယန္တရား၏ အပိုင်းအစများ ဖြစ်ပေသည်။ ထို့ကြောင့် အချိန်ရှိခိုက် လုံ့လစိုက်ရပေတော့မည်။

ဤစကားပုံနှင့် ထပ်တူထပ်မျှရှိသော မြန်မာစကားပုံများစွာ ကြား ဖူးခဲ့ပါသည်။ လသာတုန်း ဗိုင်းငင်၊ နေပူတုန်း စပါးလှန်း၊ မိုးရွာတုန်း ရေခံ စသဖြင့် ရှေးလူကြီးများ ဆုံးမသွားခဲ့ခြင်း ဖြစ်သည်။ မိုးလွန်မှ ထွန်ချ၊ စစ်ရောက်မှ မြားချွန်ခြင်းသည်လည်း အချည်းနှီးဖြစ်ကြောင်း သွန်သင်မှု ပြုခဲ့ကြသည်။ အင်္ဂလိပ်စကားပုံတစ်ခုမှ 'အချိန်နှင့် ဒီရေသည် လူကို မစောင့်' ဟု ဆိုပါသည်။ သို့ဖြစ်ရာ လမိုက်ည သန်းခေါင်ယံမှာ လကို မျှော်၍ တမ်းတနေပါလျှင် မည်သူကမျှ ကရုဏာသက်စွာ စာနာနိုင်မည် မဟုတ်ပါ။

လူ့ဘဝ၏ ပထမအရွယ်သည်ကား အသိပညာရှာဖွေဆည်းပူး ရမည့်အချိန်ကာလများ ဖြစ်ပါသည်။ ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာ တွင် 'စာသင်ပျိုနု၊ အခြေပြုတို့၊ ဥဇုဘူတ၊ လုံ့လပြင်းစွာ၊ သူ့ထက်ငါဟု၊

mgyoe.com

mgyoe.com
နတ်မှာ ရွှေ့ကြီးပမ်းကြလျှင်' ဟူ၍ ပျိုနုစဉ် ပညာကို လုံ့လပြင်းစွာဖြင့် ရှာဖွေကြရန် နှိုးဆော်ခဲ့သည်ကို တွေ့နိုင်ပါသည်။ နုနယ်သော ကလေး ဘဝအရွယ်မှသည် ပညာနှင့် အလိမ္မာကို ကောင်းစွာ သင်ကြားတတ်မြောက် ခဲ့မှသာ ရှေ့ဆက်ရမည့် ဘဝခရီးအတွက် စိတ်ချရပေမည်။ အစကောင်းခြင်း သည် အနှောင်းသေချာနိုင်ခြင်းပေတည်း။

အသိပညာ၊ အတတ်ပညာနှင့် ချင့်ချိန်နိုင်သော ဆင်ခြင်တုံတရား တို့ကို လုံ့လဝီရိယကြီးစွာဖြင့် ကြိုးစားလေ့ကျင့် မွေးမြူခဲ့ကြမှသာလျှင် ဒုတိယအရွယ်ဖြစ်သော လောကကြီးနှင့် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရချိန် ကို ခံနိုင်ရည်ဖြင့် ကျော်လွှားနိုင်မည်ဖြစ်သည်။ တိုတောင်းလှသော လူ့ ဘဝ၏ ရခဲသော အချိန်ကာလများတွင် ပျော်ရွှင်ချမ်းမြေ့ခြင်း၊ အောင် မြင်ကျော်ကြားခြင်းနှင့် ဂုဏ်ရှိန်မြင့်မားခြင်းတို့ကို ပိုင်ဆိုင်လာနိုင်ရန် အလိုအပ်ဆုံးသော ရင်းနှီးမြှုပ်နှံမှုမှာ လုံ့လဝီရိယ ဖြစ်ပါသည်။ ကြိုးစား သူတို့အတွက် အောင်မြင်မှုက လက်ကမ်းကြိုနေပါလိမ့်မည်။

သို့မှသာ တတိယအရွယ်ကို ရောက်ရှိလာသောအချိန်တွင် နိဗ္ဗာန် သို့ ရည်မျှော်မှန်းသည့် တရားဘာဝနာကို အေးချမ်းစွာ ကျင့်ကြံအားထုတ် နိုင်ကြမည်ဖြစ်သည်။ ခလုတ်ထိမှ အမိတခြင်းသည် အချည်းအနှီး ဖြစ် ၏။ လူဖြစ်လျှင် အချိန်အခါအလိုက် မိမိပြုလုပ်ရမည့်တာဝန်နှင့် ဝတ္တရား တို့ကို လုံ့လရှိရှိ မပျက်မကွက် ဆောင်ရွက်သွားကြမှသာ အဓိပ္ပာယ်ရှိ သော လူသားအဖြစ် သမိုင်းတွင်ရစ်မည် ဖြစ်သည်။

အချိန်ကို အကျိုးရှိစွာ အသုံးချခဲ့သဖြင့် ထွန်တုံးပေါ်မှ လယ် သမားကလေး စာတိုင်ညီသည် ဝန်ဇင်းမင်းရာဇာဘွဲ့ဖြင့် ပညာရှိအမတ် ကြီး ဖြစ်ခဲ့ရပါသည်။ လုံ့လဝီရိယကို သေခါမှ လျှော့မည်ဟု ဆုံးဖြတ် ချက်ချ၍ ကမ်းမမြင် လမ်းမမြင် ပင်လယ်ကြီးတွင် ဇွဲရှိရှိ ကူးခပ်ခဲ့သော မဟာဇနကသည် အသက်ဘေးမှ ကယ်တင်ခြင်းခံရပြီး မိတ္ထီလာ ထီးနန်း ကို စိုးစံခံရသည်။ အချိန်နှောင်းခဲ့ပြီဟု အားငယ်ခြင်းမပြုဘဲ ကြိုးစားအား ထုတ်ခဲ့သော ဦးကျည်ပွေ့သည်လည်း ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင် သော မင်းဆရာတစ်ပါး ဖြစ်ခဲ့သည်။ အချိန်ရှိခိုက် လုံ့လစိုက်စွာဖြင့် တစိုက်မတ်မတ် ကြိုးစားတိုက်ယူခဲ့သဖြင့် မြန်မာ့လွတ်လပ်ရေးကို ရယူ နိုင်ခဲ့ခြင်း မဟုတ်ပါလော။

အချိန်ကို တန်ဖိုးမထားသော ကုဋေရှစ်ဆယ် သူဌေးသားသည် ပထမအရွယ်တွင် ပညာမရှာခဲ့သောကြောင့် ဘဝဆုံးကာ လုံးပါးပါးခဲ့ရ သည့် သာဓကရှိသည်။ ယုန်နှင့် လိပ်ပုံပြင်မှ ကိုရွှေယုန်သည် မိမိကိုယ်

mgyoe.com

mgyoe.com

ကိုအထင်ကြီးစွာဖြင့် အချိန်ကို ဖြုန်းတီးပစ်ခဲ့ခြင်းကြောင့် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ ပုရွက်ဆိတ်ကို လှောင်ပြောင်ကာ အချိန်ကို အလေးမထားသော နံ့ကောင်သည် ဆောင်းရာသီ၏ အအေးဒဏ်အောက်တွင် ဒုက္ခလှလှရောက်ခဲ့ရသည့် ပုံပြင်လည်း ရှိသည်။ ဥရောပစစ်ဘုရင် နပိုလီယံသည် ဝယ်လင်တန်စစ်ပွဲ၌ အချိန်နှစ်နာရီမျှ နောက်ကျကာ နေဝင်သွားခဲ့သဖြင့် စစ်ရှုံး၍ ဘုန်းတန်ခိုးနိမ့်ကျသွားခဲ့ရကြောင်း ကမ္ဘာ့ရာဇဝင်မှာလည်း ထင်ရှားလှသည်။

လုံ့လဝီရိယကို ဖျက်ဆီးသူကား ပျင်းရိခြင်း ဖြစ်သည်။ ကလေးဘဝတွင် သင်ကြားခဲ့ရသော ပျင်းရိခြင်း ၆ ပါးမှာ ချမ်းလွန်းခြင်း၊ ပူလွန်းခြင်း၊ မိုးချုပ်လွန်းခြင်း၊ စောလွန်းခြင်း၊ ဆာလွန်းခြင်း၊ ဝမ်းပြည့်လွန်းခြင်းတို့ ဖြစ်ပြီး လုံ့လ၏ ရန်သူတော်များပေတည်း။ ပျင်းရိခြင်းကို ရှောင်နိုင်ပါမှ အောင်မြင်မှုများနှင့် နီးကပ်လာနိုင်ပါမည်။

အချိန်ကို အလဟဿ ဖြုန်းတီးမပစ်သင့်ပါ။ လူတစ်ယောက်၏ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချနိုင်သည့် အလေ့အကျင့်များစွာ ရှိပါသည်။ ယင်းတို့မှာ စာဖတ်ခြင်း၊ အားကစားလိုက်စားခြင်းနှင့် တရားအားထုတ်ခြင်းတို့ ဖြစ်သည်။ စာဖတ်ခြင်းသည် ဗဟုသုတဉာဏ်ပညာကို တိုးပွားစေပါသည်။ အားကစားလိုက်စားခြင်းသည် ကျန်းမာရေးကို အထောက်အကူပြုပါသည်။ တရားအားထုတ်ခြင်းသည် တည်ငြိမ်အေးချမ်းမှုရလဒ်ကို ပေးစွမ်းနိုင်ပါသည်။ ရံဖန်ရံခါ အနုပညာတစ်ခုခုတွင် စီးဝင်နားခိုခြင်းဖြင့်လည်း ဘဝ၏အမောများကို ဖြေလျှော့နိုင်ပါသည်။

အချိန်ကို စည်းကမ်းမဲ့စွာ ဖြုန်းတီးပြီး အလေလိုက်သူ လူငယ်များကိုမူ အနှောင့်အယှက်များစွာက လက်ယပ်ခေါ်နေတတ်ပါသည်။ ယင်းမှာ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လောင်းကစားခြင်း၊ အပျော်အပါးလိုက်စားခြင်းတို့ဖြစ်ပြီး လူညွန့်တုံးစေမည့် လမ်းစများပင် ဖြစ်ပါသည်။

အချိန်ကို အကျိုးရှိစွာ အသုံးချရာတွင် အချိန်မခိုးဖို့ လိုပါသည်။ အချိန်မလုဖို့ လိုပါသည်။ အချိန်သည် ယူတိုင်းရသော အရာမဟုတ်သည့်အတွက် အချိန်ယူခြင်းထက် အချိန်ရသလောက်မှာ ကြိုးစားကြရန် လိုပါသည်။ အချိန်မဆွဲသင့်ပါ၊ တစ်ရက်နှင့်ပြီးရမည့်အလုပ်ကို သုံးရက် ပြုလုပ်လျှင် အချိန်ပုပ်ပါသည်။ အချိန်တိကျရန် အရေးကြီးလှသည်။ သုံးရက်ပြုလုပ်မှ ပြီးစီးနိုင်သောအလုပ်ကို တစ်ရက်တည်းနှင့် ပြီးအောင်လုပ်ပါကလည်း မည်သို့မျှ ချောမွေ့မှန်ကန်လှပသော ရလဒ်ကို မရနိုင်ပါ။

အချိန်တန်အရွယ်ရောက် လူလားမြောက်ခါမှ စဉ်းစားဆုံးဖြတ်

mgyoe.com

ရမည့် အချစ်ရေး၊ အိမ်ထောင်ရေး၊ ဘဝတည်ဆောက်ရေး ကိစ္စများကို ငယ်ငယ်ရွယ်ရွယ်နှင့် အကောင်အထည်ဖော်မိပါက ဒုက္ခလှလှ တွေ့ကြ ရပေမည်။ ထို့အတူ အချိန်အခါအလျောက် အခွင့်အလမ်း ပေါ်လာပါ လျက် ဘဝတစ်ခုကို ရဲရဲဝံ့ဝံ့ မတည်ဆောက်ခဲ့သူများမှာလည်း ဒုက္ခအဝဝ ခံစားကြရပေမည်။ ကိစ္စတစ်ခုကို အချိန်မတန်ဘဲ ပြီးစီးချင်တတ်သူများကို စိတ်လောကြီးသူ၊ ဆန္ဒစောနေသူဟု ဆိုရပါမည်။ ထိုစိတ်သည် မည်သို့မျှ မအေးမြနိုင်ပါ။ ထိုစိတ်ဖြင့် အလောတကြီး လုပ်ဆောင်မှုများသည်လည်း မပီပြင်တတ်ပါ။ ထို့ကြောင့် အချိန်ကို စောင့်ပါ၊ အခွင့်အခါကို စောင့်ပါ၊ ရရှိသောအချိန်ကို မိမိရရ အသုံးချပါ။ အချိန်မခိုးပါနှင့်၊ အချိန်မဖြုန်းပါနှင့်၊ အချိန်တန်လျှင် နွားပိန်ကန်ပါလိမ့်မည်။

အချိန်၏တန်ဖိုးနှင့် ပတ်သက်၍ အင်္ဂလိပ်ပြဇာတ်ရေးဆရာကြီး ဝီလျံရှိတ်စပီးယားက 'ဆုံးရှုံးပြီးသော တစ်မိနစ်ကို မကုန်ဆုံးနိုင်သော ထာဝရ အချိန်သမုဒ္ဒရာကြီးက အစားထပ်၍မပေးနိုင်' ဟု ဖွဲ့ဆိုခဲ့ဖူးပါသည်။ သို့ဖြစ်ရာ အချိန်သည် အစားထိုးမရသော အဖိုးတန်ရတနာတစ်မျိုးဖြစ်သည်ဟု ဆိုနိုင်သည်။ ထို့ကြောင့်လည်း လယ်တီဆရာတော်ဘုရားကြီးသည် မီးရထား၊ သင်္ဘောကို့နှင့် ခရီးသွားနေရင်းမှာပင် ကျမ်းပေါင်းများစွာကို ပြုစုခဲ့ခြင်း ဖြစ်သည်။ အချိန်ကို အရင်းအနှီးပြု၍ ပညာရှာရမည်၊ ဥစ္စာရှာရမည်၊ တရားရှာရမည်။ အချိန်ကို အသုံးချ၍ ဘဝကို တည်ဆောက်ရမည်။ လောကကို အလှဆင်ရမည်။ လူသားကောင်းကျိုးကို ဆောင်ရွက်ရမည်။ အချိန်ကား လေးစားဖွယ်ရာ ဂုဏ်သိက္ခာတစ်ရပ်ပေတည်း။

တိုးတက်ကြီးပွား မြင့်မြတ်သော ပုဂ္ဂိုလ်များသည် အချိန်ကို တန်ဖိုးထားလေးစားစွာဖြင့် စနစ်တကျ အသုံးချခဲ့ဖူးသူများ ဖြစ်သည်ကို တွေ့နိုင်၏။ လူသားကိုပင် မဆိုထားလင့် ကျေးငှက်တိရစ္ဆာန်များသည်ပင် အချိန်အခါကို လိုက်၍ အသိုက်ဆောက်ကြ၊ အစာရှာကြသည်။ သစ်ပင်ပန်းမန်တို့သည်ပင် သူ့အခါ သူ့ရာသီအလိုက် ဖူးကြ ပွင့်ကြ၏။ ထို့ကြောင့် ရာသီမသိ ပန်းနှင့် ညီဟူ၍ပင် ဆိုကြသည်။

ဤလောကတွင် ဆုံးရှုံးပြီးမှ တန်ဖိုးကို သိရသော အရာနှစ်ခု ရှိသည်။ ယင်းတို့မှာ နုပျိုခြင်းနှင့် အချိန်တို့ပင် ဖြစ်သည်။ အိုမင်း ရင့်ရော်ခြင်းနှင့် အချိန်ကုန်ဆုံးခြင်းတို့အတွက် ကုစားစရာ ဆေးဝါးမရှိပါ။ သေဆုံးသွားသောသူသည် မည်သို့ အသက်ပြန်ရှင်နိုင်ပါမည်နည်း။ သို့ဖြစ်ရာ ယနေ့လုပ်ရမည့်အလုပ်ကို မနက်ဖြန်သို့ ရွှေ့ဆိုင်းခြင်းမပြုဘဲ

mgyoe.com

mgyoe.com
အချိန်ရှိခိုက် လုံ့လစိုက်ခြင်းသည် အကောင်းဆုံးသော အလေ့အကျင့်တစ်ခု ဖြစ်ပါသည်။ ပေတစ်သီး ကျီးတစ်သားဆိုသည့်အတိုင်း လူ့ဘဝတွင် တစ်ကြိမ်တစ်ခါသာ ရရှိနိုင်သည့် အခွင့်အလမ်းကို မိမိရရ သုံးစွဲနိုင်မှသာ သာယာချမ်းမြေ့သော ဘဝကို တည်ဆောက်နိုင်ပေမည်။ ကြွေတစ်လက်၊ ကြက်တစ်ခုန်ဖြစ်သည်။ အရာကောင်းလျှင် တစ်ချက်၊ အခါကောင်းလျှင် တစ်သက်၊ အကျိုးပေးရန် အခွင့်အရေးကြုံလာလျှင် လက်လွှတ်မသွားရန် လိုပါသည်။

အချိန်ဟူသော အက္ခရာကလေးနှစ်လုံးကို မည်သူမျှ ဈေးမဖြတ်နိုင်။ မည်သူမျှ ကြေးမတတ်နိုင်။ နှင်၍လည်း မသွား၊ ခေါ်၍လည်း မလာ၊ လိုသည်လည်း မပြည့်၊ ပိုသည်လည်း မရှိ၊ မျက်စိဖြင့် မမြင်နိုင်သော အဖိုးတန်ရတနာတစ်ပါးဖြစ်သည်။ ထို့ကြောင့် အချိန်သည်ကားဆင်းရဲသားအဆင့်အတန်းမရွေး မြတ်နိုးစွာ ဆင်မြန်းနိုင်သော အဖိုးမဖြတ်နိုင်သည့် လည်ဆွဲရတနာ ဖြစ်ပါသတည်း။

❑ ❑ ❑

mgyoe.com

mgyoe.com

# ရိုးရိုးကျင့် မြင့်မြင့်ကြံ

နိဒါန်း – ရိုးရိုးကျင့် မြင့်မြင့်ကြံ အဓိပ္ပာယ်ဖွင့်ဆိုခြင်း

စာကိုယ် – မဆုံးနိုင်သော လှေကားထစ်များ
– အရိုးကို အရွက်မဖုံး
– ပွင့်လင်းခြင်း
– သတ္တိ
– စိတ်ချမ်းမြေ့မှု
– ဖိုးသခွားပုံပြင် ဉပမာပေး
– မြန်မာ့ယဉ်ကျေးမှု ဘောင်အတွင်း ကြိုးစား
– ကိုယ်ကျင့်တရား
– လေဘောလုံး ဉပမာ
– အတိတ်ကိုသုံးသပ် အနာဂတ်ကိုပုံဖော်
– အောင်မြင်ခဲ့သူများ – ဖိုးရာဇာ
– လင်ကွန်း
– နယူတန်

နိဂုံး – လူ့လောကကြီးကို အကျိုးပြုသူဖြစ်ရန် ကြိုးပမ်းရမည်ဟု သန္နိဋ္ဌာန်ပြု။

mgyoe.com

mgyoe.com

# ရိုးရိုးကျင့် မြင့်မြင့်ကြံ

လောကတွင် အမြင့်ဆုံးဟူသည် မရှိပါ။ အမြင့်ဆုံးဟု ထင်ရသော နေရာထက် ပို၍ ပို၍မြင့်သော နေရာရှိစမြဲ ဖြစ်ပါသည်။ ထို့ကြောင့် လူဖြစ်လျှင် အမြဲတမ်း တက်လှမ်းနိုင်ဖို့ ကြိုးစားနေရပါမည်။ ကိုယ်ရောက်ရှိသောနေရာကို ဟုတ်လှပြီ၊ မြင့်လှပြီဟု ထင်မှတ်မနေသင့်ပါ။ ဝေးဝေးကို မြင်လိုပါက မြင့်မြင့်ကို ပျံတက်ရမည်ဟု ဆိုရိုးစကား ရှိပါသည်။ မြင့်မားလာလေလေ ပို၍ ကျယ်ပြန့်စွာ မြင်ရလေလေ ပို၍ အသိပညာ တိုးပွားလာလေလေ ဖြစ်ပါသည်။ မြင့်မြင့်ကြံပါမှ များများအောင်မြင်နိုင်ပါမည်။ လူတို့၏ ကြံစည်စိတ်ကူးမှုများ မြင့်မားလာသည်နှင့်အမျှ လူ့လောကကြီးသည်လည်း တစ်စထက် တစ်စ တိုးတက်လာခဲ့ရသည်။ သို့သော် ထိုကြံစည်စိတ်ကူးမှုများကို အကောင်အထည်ဖော်ရာမှာမူ ရိုးသားမှုသည် အရေးအကြီးဆုံးသော လိုအပ်ချက် ဖြစ်ပါသည်။

လူ့ဘဝသည် မဆုံးနိုင်သော လှေကားထစ်များ ဖြစ်ပေသည်။ တစ်ဆင့်ပြီး တစ်ဆင့်တက်နေရသည်။ မြင့်သထက် မြင့်အောင် တက်နေရသည်။ သို့ရာတွင် ခုန်ကျော်တက်ခြင်း မပြုအပ်ပါ။ တွန်းထိုးတက်ခြင်း မလုပ်သင့်ပါ။ မှန်မှန်နှင့် မြန်မြန်တက်ဖို့ လိုပါသည်။ ယင်းကို 'ရိုးရိုးကျင့် မြင့်မြင့်ကြံ' ဟူသော စကားပုံကလေးက လမ်းပြလျက် ရှိပါသည်။

ရိုးသားမှုသည် လူတစ်ဦး၏ ဂုဏ်သိက္ခာဖြစ်သည်။ 'အရိုးကို အရွက်မဖုံး' ဆိုသကဲ့သို့ ရိုးသားမှုကို မည်သူကမျှ မတိုက်ခိုက်နိုင်ပါ။ မြတ်စွာဘုရားက 'အနာကုလာစ ကမ္မန္တာ' အရှုပ်အထွေးမရှိသော အလုပ်ကို လုပ်ခြင်းသည် မင်္ဂလာတစ်ပါး ဖြစ်သည်ဟု ဟောကြားခဲ့ပါသည်။ မည်သည့် အလုပ်ကိုမဆို ရိုးသားမှန်ကန်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန် ရည်ရွယ်ခြင်း ဖြစ်သည်။ ရိုးသားမှုတွင် အကြောင်းရင်းအချက်များစွာ

mgyoe.com

mgyoe.com

ရှိပါသည်။

ရိုးသားခြင်းသည် ပွင့်လင်းခြင်းကို ပြဆိုပါသည်။ မလှို့ဝှက်၊ မဖုံးကွယ်၊ မလိမ်ညာဘဲ ဝန်ခံတတ်ခြင်းသည် ရိုးသားသူ၏ အရည်အချင်း ဖြစ်သည်။ မိမိ၏ လိုအပ်ချက်ကို မိမိ ဝန်ခံရဲရမည်။ မိမိဖြစ်နိုင်သလောက်ကိုသာ မိမိ အာမခံရမည်။ မိမိမနိုင်ဝန်ကို ကြွားဝါဟန်ဆောင် ကတိမပေးသင့်ပါ။ အရှိကို အရှိအတိုင်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြရဲရပါမည်။ လောကတွင် ပြည့်ဝသောသူများသည် ရိုးသားလေ့ ရှိကြသည်။ မပြည့်ဝသူများသည်ကား သူတို့၏ကွက်လပ်များကို အခြားသူတို့ မမြင်သာအောင် လေနှင့် ဖြည့်ကြသည်။ အချိန်နှင့် ဖုံးဖိကြသည်။ မာယာဖြင့် ကာကွယ်ကြသည်။ မရိုးသားသော လုပ်ရပ်များပေတည်း။ ထိုမသမာမှု၊ မုသား၊ လှည့်ဖြားခြင်း စသည်တို့ကား ဘဝတစ်ခု တိုးတက်ရေးအတွက် ခလုတ်တံသင်းများပင် ဖြစ်ပါသည်။

မျက်နှာဖုံးစွပ်ထားသော မျက်နှာကား မည်သို့မျှပင် ကိုယ့်အလှကို မပြနိုင်စွမ်းပါ။ ဟန်ဆောင် ကန့်လန့်ကာဟူသည် အချိန်တန်လျှင် ကွာကျရမည်သာ ဖြစ်သည်။ ရိုးသားမှုကား သတ္တိကို မွေးဖွားပေးနိုင်သည်။ မိမိက မှန်ကန်နေပါက မည်သူ့ကိုမျှ ကြောက်စရာမလို။ မည်သည့်နေရာကို သွားရဲလာရဲ ဖြတ်သန်းရဲ ဝင်ထွက်ရဲပါသည်။ မရိုးမသား အမှားရှိသူမှုကား မဝံ့မရဲ ကြောက်စိတ်ဖြင့် လူတောမတိုး လူရာမဝင် ဖြစ်ပါသည်။

ရိုးသားမှုသည် စိတ်ချမ်းမြေ့မှုကို ဖန်တီးပေးပြန်ပါသည်။ မိမိ၏ ရိုးသားသောစိတ်နှင့် ရိုးသားသော အမူအကျင့်တို့သည် မိမိကိုယ်မိမိ ယုံကြည်မှုရှိစေပြီး မိမိဘဝကိုလည်း အနှောင့်အယှက် မပြုနိုင်ပါ။ လောကတွင် ဆင်းရဲချမ်းသာဟူသည် အဓိကမဟုတ်။ ရိုးသားမှုသာ အရေးအကြီးဆုံးဖြစ်သည်။ ရွှေပုဆိန်ကို မမက်မောသည့် ရိုးသားသော ဖိုးသခွားပုံပြင်ကလေးက သက်သေဖြစ်၏။ ထို့ကြောင့် ရိုးသားခြင်းသည် လောကကို သတ်နိုင်လေသည်။ မတော်လောဘရှိသူများကား ယုတ်မာကောက်ကျစ်တတ်ကြ၏။ ဖြားယောင်းသိမ်းသွင်းတတ်ကြ၏။ ထိုသူတို့မှာ စိတ်ချမ်းသာမှု မရနိုင်ပါ။ မရိုးသားသော လုပ်ရပ်က မိမိစိတ်ကို ဒဏ်ခတ်နေမည်သာ ဖြစ်သည်။ ရိုးသားသူကား စိတ်သန့်၏။ လိပ်ပြာသန့်၏။ နှလုံးအေးချမ်းလှပါ၏။ ထို့ကြောင့် ရိုးသားစွာ ပြုမူကျင့်ကြံခြင်းဖြင့် ဘဝကို တည်ဆောက်သင့်ပါသည်။

အကြံအစည် စိတ်ကူးဟူသည် လူသားတစ်ယောက်၏ ဘဝ

mgyoe.com